# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၇)
## ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
## (၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ (က) အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို ၁၂ နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်းမပြုပါက ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။ ၁၂ နှစ်မပြည့်မြောက်စေကာမူ ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် အစိုးရဌာနများ၏ ၁၂ နှစ်ပြည့်မြောက်ပြီး မှတ်တမ်းများကို ဝင်ရောက်စစ်ဆေး၍ ဆက်လက်သုံးစွဲခြင်း မပြုတော့ကြောင်း တွေ့ရှိရသည့် မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို လွှဲပြောင်းရယူရမည်။

(ဂ) အစိုးရဌာနများသည် ၁၂ နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး သုံးစွဲခြင်းမပြုတော့သည့်အချိန်တွင် ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဃ) ဦးစီးဌာနသည် ယင်းသို့ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို မိတ္တူ ကူးယူနိုင်သည်။"

၃။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဦးစီးဌာနရှိ မှတ်တမ်းများနှင့် မော်ကွန်းများ လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ(က)အရ ဦးစီးဌာနသို့ ပေးပို့ရမည့် မှတ်တမ်းများရရှိရေးအတွက် အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) အစိုးရဌာနများက ပုဒ်မ ၆၊ ပုဒ်မခွဲ(က) နှင့် (ဂ) တို့အရ လွှဲပြောင်း ပေးသော မှတ်တမ်းများကို လက်ခံရယူခြင်း၊

(ဃ) အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများက တည်ထောင်ထား သော မော်ကွန်းတိုက်များရှိ မော်ကွန်းစဉ် စာရင်းများအား ပြုစု၍ ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(င) ဝန်ကြီးနှင့် ကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။"

၄။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၁၄။ မည်သူမျှ မော်ကွန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထား သော ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းကို ဖြစ်စေ၊ ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် တစ်နည်းနည်း ဖြင့် ပျက်ပြယ်စေခြင်းမပြုရ။"

၅။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် တစ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)
သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ